Highlights from DVB Debate's Mobile Access Show

2/14/2015

"How's mobile access changing lives?"

"မိုဘိုင်းလ်ဖုန်းမသုံးတာမှ ကျနော့်အလုပ်အတွကစာကြည့်တိုက်အတွက် လိုအပ်တဲ့ စာအုပ်ဖတ်တာတွေ၊ လေ့လာရတာတွေကို ပိုအာရုံစိုက်နိုင်တယ်။ ကျနော့်အတွက်တော့ သိပ်အကျိုးမရှိဘူးလို့ပြောလို့ရတယ်"

မောင်ဇေယျာ - စာကြည့်တိုက်မှူး၊ စာရေးဆရာ

"အွန်လိုင်းမှာ မြန်မာနဲ့ပတ်သက်တဲ့ content တွေနည်းနေတယ်။ ဒီတော့ တတ်သိတဲ့  ဆရာတို့လို စာရေးဆရာတွေနဲ့  ကျနော်တို့ နည်းပညာသမားတွေကြားမှာ ကွာဟနေတယ်လို့ ကျနော်မြင်တယ်"

စိုးသီဟနောင် - အိုင်တီအရာရှိချုပ်(ပွင့်လင်းမြန်မာရေးဖွံ့ဆောင်အဖွဲ့)

---

"အခုဖြစ်နေတာက လူငယ်တွေမှာ အိမ်ပြန်လာရင် မိသားစုဝင်အချင်းချင်း နှုတ်ဆက်စကားပြောကြတာ မရှိတော့ဘူး။ မိသားစုစကားဝိုင်းဆိုတာတောင် မရှိတော့ဘူး။ အပြင်ကပြန်လာမယ် အခန်းထဲဝင်သွားမယ် သူတို့ဖုန်းနဲ့သူတို့အလုပ်ရှုပ်နေတယ်။ လူသားမဆန်ဘဲ စက်ရုပ်ဆန်သွားတာပေါ့"

မောင်ဇေယျာ - စာကြည့်တိုက်မှူး၊  စာရေးဆရာ

---

"အစည်းအဝေးတွေ၊ ဆွေးနွေးပွဲတွေရောက်တဲ့အခါ ကိုယ့်မိုဘိုင်းလ်ဖုန်း ကိုယ်ပိတ်ထားတာဖြစ်ဖြစ် အသံတိုးထားတာဖြစ်ဖြစ် လုပ်ထားရမယ်။ ကားမောင်းနေရင်းနဲ့ဖုန်းပြောတဲ့အခါ နားကြပ်တပ်ပြောတာပဲဖြစ်ဖြစ်၊ ကားကိုခဏရပ်ပြီး ပြောတာပဲဖြစ်ဖြစ် ဒါမျိုးတွေ ကျင့်ရမယ်။ အများပြည်သူနဲ့ဆိုင်တဲ့နေရာတွေမှာ ဖုန်းစပီကာဖွင့်ပြောတာတို့၊ သီချင်းအကျယ်ကြီးဖွင့်နားထောင်တာတို့က မလုပ်သင့်ဘူး"

ဒေါ်ချောချောကြေးမုံ - မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအသင်း

---

"ဒစ်ဂျစ်တယ် စာတတ်မြောက်မှုနှုန်းအားနည်းတယ်။ ဖေ့ဘွတ်ဆိုတာ ဘာလဲ ဘယ်လိုသုံးရမလဲ၊ ဘယ်လောက်အတိုင်းအတာထိ ပျံ့လွင့်မလဲ။ ဂျီမေးလ်ဆိုတာဘာလဲ၊ နည်းပညာတွေကရတဲ့

သတင်းတွေကို ဝေဖန်ပိုင်းခြားနိုင်တာ၊ သတင်းအစစ် ဟုတ်၊ မဟုတ် ပိုင်းခြားသိတဲ့ တတ်မြောက်မှုပေ့ါ ဒါတွေ အားနည်းနေတယ်။”

ဒေါ်ရတနာထွန်း - ဖွံ့ဖြိုးမှုအတွက်မြန်မာအိုင်စီတီအဖွဲ့(MIDO)

---

“အမုန်းစကားတားဆီးဖို့ ဥပဒေတောင်းဆိုချင်တာတောင် တလွဲအသုံးချခံရမှာစိုးလို့ မတောင်းရဲဘူး။ အီလက်ထရောနစ်ဥပဒေနဲ့ကိုင်ပြီး ဖမ်းဆီးထောင်းချခံရတဲ့သာဓကတွေလဲ  ရှိခဲ့တာကိုး။ ဒါကြောင့် မယုံရဲဖြစ်တာ။  ကျမတို့ဆီက အကြံဉာဏ်တော့ယူတယ် နောက်ပိုင်း အခြေအနေ..ဘာလုပ်နေလဲ ဘာတွေယူလဲ ဒါမျိုးပြန်သိရတာ မရှိဘူးလေ”

ဒေါ်ရတနာထွန်း - ဖွံ့ဖြိုးမှုအတွက် မြန်မာအိုင်စီတီအဖွဲ့(MIDO)

“ကျနော့်အမြင်ကတော့ အချိန်ရတုန်း၊ အစိုးရ အပြောင်းအလဲ အကူးအပြောင်းမရှိခင် အိုင်တီနယ်ကလူတွေ၊ အရပ်ဖက်လူ့အဖွဲ့အစည်းတွေ ပေါင်းပြီး အမြန်ဆုံး ရေးဆွဲသင့်တယ်၊ လိုချင်တဲ့အချက်တွေပါအောင်လည်း တောင်းဆိုသင့်တယ်လို့ မြင်တယ်”

ဦးလှိုင်ကြည် - အိုင်တီအရာရှိ(ISchool Myanmar)

---